INTERNATIONAL FEDERATION
FOR EMERGENCY MEDICINE

IFEM

Secretariat:
34 Jeffcott Street,
West Melbourne,
Victoria, 3003 Australia

p: +61 3 9320 0444
f: +61 3 9320 0400
e: admin@ifem.cc
w: ifem.cc
ACN 145 437 216

# ပူးတွဲ သဘောထားထုတ်ပြန်ကြေငြာချက် - အရေးပေါ်စောင့်ရှောက်မှုဌာနခေါင်းဆောင် ပါမောက္ခမော်မော်ဦးအား ချက်ချင်း လွတ်မြောက်ခွင့်ပေးရန် တောင်းဆိုလိုက်သည်။

၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်၊ တနင်္လာနေ့တွင် ထိန်းသိမ်းခံလိုက်ရသည့် မြန်မာနိုင်ငံ၊ အရေးပေါ်ဆေးပညာအသင်း၏ ဥက္ကဌ ပါမောက္ခမော်မော်ဦးအား ဘေးအန္တရာယ်ကင်းစွာ ခြွင်းချက်မရှိလွှတ်ပေးရေးအတွက် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ကျွန်ုပ်တို့ကိုယ်စားပြုအဖွဲ့အစည်းများသည် ညီညွတ်စွာအတူတကွ တောင်းဆိုလိုက်သည်။

မြန်မာနိုင်ငံ၏အဓိကကျသော ကဏ္ဍတွင် အရေးပါသူ၊ ကမ္ဘာလုံးဆိုင်ရာအရေးပေါ်စောင့်ရှောက်မှုအသိုင်းအဝိုင်းဝင် ပါမောက္ခမော်မော်ဦးသည် ၎င်းညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရန်ကုန်အထွေထွေဆေးရုံကြီးအရေးပေါ်ဌာန၌ အတွင်းလူနာများကို ကုသနေစဉ် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

ပါမောက္ခမော်မော်ဦးသည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာတွင်ပါ အထူးလေးစားခံရသူဖြစ်သည်။ သူသည် ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်နှင့်ရန်ကုန်အထွေထွေဆေးရုံတို့တွင်အရေးပေါ်ဆေးဘက်ဆိုင်ရာ ပါမောက္ခဖြစ်သည်။ ၂၀၂၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အမျိုးသားရေးနှင့်ဒေသတွင်း COVID-19 တုန့်ပြန်မှုအတွက်အရေးပေါ်ဆေးဘက်ဆိုင်ရာတွင် ဦး ဆောင်ရန် တာဝန်ခန့်အပ်ခြင်းခံရသည်။

သူသည် အခြား ထင်ရှားအရေးပါသည့် အမျိုးသားအဆင့်၊ ဒေသဆိုင်ရာနှင့်နိုင်ငံတကာဆေးဘက်ဆိုင်ရာ ဦး ဆောင်မှုအခန်းကဏ္ဍတွင်လည်း ပါဝင်ခဲ့ပြီး၊ ဒေသတွင်းဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် တုန့်ပြန်မှုအပါအဝင် နိုင်ငံတကာ၊ နှစ်နိုင်ငံနှင့်ဘက်ပေါင်းစုံ အရေးပေါ်စောင့်ရှောက်မှုဆိုင်ရာပညာရေးနှင့် ဖွံ့ဖြိုးရေးအစီအစဉ်များတွင်လည်း အဓိကအခန်းကဏ္ဍ မှပါဝင်ခဲ့သည်။

ပါမောက္ခမော်မော်ဦးသည် မြန်မာနိုင်ငံ၏ အရေးပေါ်ဆေးဝါး၊ဆေးခန်း အခန်းကဏ္ဍ ထူထောင်ခြင်းနှင့် တိုးတက်အောင်လုပ်ခြင်းတွင် ပညာရေးနှင့် ဦးဆောင်သူအဖြစ် ပါဝင်ခြင်းသာမက မြန်မာပြည်သူပြည်သားများအကျိုးကို ထမ်းရွက်သူဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသာမကကမ္ဘာတစ်ဝှမ်းလုံးတွင်လည်း အလွန်လေးစားခြင်းခံရသူဖြစ်သည်။

ကျွန်ုပ်တို့၏အဖွဲ့အစည်းများသည် ပါမောက္ခမော်မော်ဦးနှင့် ဆက်သွယ်၍ မရသဖြင့် သူ၏ကျန်းမာရေးလုံခြုံမှုကို စိုးရိမ်ပူပန်လျက်ရှိသည့် မြန်မာနိုင်ငံရှိ သူ၏လုပ်ဖော်ကိုင်ဖက်များနှင့် ထပ်တူညီပင် ခံစားရပါသည်။ ပါမောက္ခမော်မော်ဦးကို ဆက်လက်ထိန်းသိမ်းထားခြင်းသည် မြန်မာနိုင်ငံ၏ အရေးပေါ်ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ခြိမ်းခြောက်ခြင်းပင် ဖြစ်ပြီး ကျန်းမာရေး ဝန်ထမ်းအားလုံး၏ မြန်မာနိုင်ငံသားများအတွက် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများကို နှောင့်နှေးနိမ့်ကျစေသည်။

ထို့ကြောင့် ပါမောက္ခမော်မော်ဦးအား ချက်ချင်းဘေးကင်းလုံခြုံစွာ ခြွင်းချက်မရှိလွှတ်ပေးရန် ကမ္ဘာ့အရေးပေါ်ဆေးဝါးကုသမှုအသိုင်းအဝိုင်း၏ အဖွဲ့ဝင်များ ဖြစ်သည့် ကျွန်ုပ်တို့က တိုက်တွန်းလိုက်သည်။

ပါမောက္ခမော်မော် ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်၊ မြန်မာနိုင်ငံရှိလုပ်ဖော်ကိုင်ဖက်များအားလုံး၏ လုံခြုံမှုကို စောင့်ရှောက်ရန်နှင့်၊ မြန်မာပြည်ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီပြန်လည်ရရှိရေးတို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအား လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဥပဒေများအား ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အစွမ်းကုန် လုပ်ဆောင်ပါရန် တိုက်တွန်းလိုက်သည်။

ဒေါက်တာ ဂျွန်ဘုန်းနင်း (င်)
ဥက္ကဋ္ဌ သြစတြေးလျားအရေးပေါ်ဆေးပညာဆိုင်ရာ ကောလိပ်

ဒေါက်တာ ကက်သရင်း ဟန်ဒါဆန်
ဥက္ကဋ္ဌ အရေးပေါ်ဆေးတော်ဝင်ကောလိပ်

ပါမောက္ခ ထမေယုရှ် ကိုးလ်
ဥက္ကဋ္ဌ အရေးပေါ်ဆေးပညာဆိုင်ရာအသင်း

ပါမောက္ခလီဆက်မက်ကာသီ
ဥက္ကဋ္ဌ အရေးပေါ်ဆေးဝါးဆိုင်ရာအဖွဲ့ချုပ်

ပါမောက္ခ အက်ဂါဒို မန်နန်ဒက်ဇ်
ဥက္ကဋ္ဌ Federación Latinoamericana de Medicina de Emergencias

ဒေါက်တာ ဂယ်ရီ နူန်း
အရေးပေါ်ဆေးပညာဆိုင်ရာပါပူဝါနယူးဂီနီအသင်း

ဒေါက်တာ မာ့ခ် ရိုဆန်ဘက်
ဥက္ကဋ္ဌ အရေးပေါ်ဆေးပညာရှင်များအမေရိကန်ကောလိပ်

Dr Annet Alenyo Ngabirano
*President, African Federation for Emergency Medicine*

Dr Ammar Al-Kashmiri
*General Secretary, Gulf Federation of Emergency Medicine*

Dr Kirsten Johnson
*President, Canadian Association of Emergency Physicians*